ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး

Presidentoffice@nugmyanmar.org

# ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၂၇) ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလမှ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်

၁။ ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုအကြား သဘာဝအတိုင်း ချိတ်ဆက်ပေးသည့် ဒီရေတော မြို့တော်ဟု တင်စားသည့် Sharm El-Sheikh မြို့တွင် အီဂျစ်နိုင်ငံအစိုးရမှ ဥက္ကဌအဖြစ် လက်ခံ ကျင်းပပေးလျက်ရှိသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံများ၏ (၂၇) ကြိမ်မြောက် သမိုင်းဝင် အစည်းအဝေးတွင် မြန်မာပြည်သူများကိုယ်စား အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတအနေဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

၂။ ယခုနှစ် ကျင်းပသည့် အဖွဲ့ဝင်နိုင်ငံများ၏ (၂၇) ကြိမ်မြောက် အစည်းအဝေးသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းကို အတည်ပြုခဲ့သည့် နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားလည်း ဖြစ်ပါသည်။ ဤနှစ် (၃၀) အတွင်း ကျွန်ုပ်တို့ ကမ္ဘာမြေသည် တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏ အကျိုးသက်ရောက်မှု အများအပြားကို ရင်ဆိုင်ရလျက်ရှိပါသည်။ ထို့အတူ ဂေဟစနစ်ပျက်စီးမှုနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ခြိမ်းခြောက်မှု များကို ကြုံကြခဲ ရင်ဆိုင်ရင်း ကြမ်းတမ်းသည့် ခရီးရှည်ကြီးကို နှင်လာခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များ၊ ဂေဟစနစ်ပျက်စီးမှု ဘေးအန္တရာယ်များ ကို ထိန်းချုပ်ဆောင်ရွက်ပြီး စိမ်းလန်းသာယာသည့် လူ့ဘောင်အနာဂတ်ကိုတည်ဆောက်နိုင်ရန် အတွက် ကမ္ဘာမြေကြီးကို ကာကွယ်ရန်မှာ ကမ္ဘာ့နိုင်ငံတိုင်း၏ တာဝန်ဖြစ်ပြီး မဖြစ်မနေ လက်တွဲ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံသည် သဘာဝသစ်တော၊ သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်ပါသည်။ ထို့အတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်ပျက်စီးမှုများကို ကာကွယ်ထိန်းချုပ်နိုင်စွမ်း အကန့်အသတ်သာ ရှိသည့်အတွက် သဘာဝသယံဇာတများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အမြင့်မားဆုံးနိုင်ငံများထဲတွင် ပါဝင်နေပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်ကောင်စီ၏ အဓမ္မအာဏာသိမ်းယူခဲ့သည့် အချိန်မှစပြီး တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် သဘာဝသယံဇာတများအား လက်လွတ်စပယ် ထုတ်ယူသုံးစွဲမှုမှာ အလွန်များပြားလာပြီး သဘာဝပတ်ဝန်းကျင်ကို သိသိသာသာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာခဲ့ရပါသည်။ ထိုသို့ ၎င်းတို့ အာဏာတည်မြဲရေးအတွက် သစ်တောနှင့် ကျောက်မျက်ရတနာများအပါအဝင် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများ၏ အကျိုးဆက်များဖြစ်သော ရေကြီးမှု၊ မြေပြိုမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အစရှိသော ဘေးအန္တရာယ်များကို မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် ယခင်ကထက် ပိုမိုကြုံတွေ့ခံစားလာနေရသည်မှာ အလွန်ပင် စိတ်ထိခိုက်ဖွယ်ပင် ဖြစ်ပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် "စစ်အုပ်ချုပ်ရေးကာလများအတွင်း မြန်မာ့သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုအား ဆန်းစစ်လေ့လာခြင်း" သုတေသနစာတမ်းကို ထုတ်ပြန်ထားရှိခဲ့ပါသည်။ ယင်းသုတေသနစာတမ်းအရ တရားမဝင်ရွှေလုပ်ကွက်များကြောင့် အမွေအနှစ်စာရင်းဝင်နေရာများ အန္တရာယ်ကြုံတွေ့နေရပြီး တရားမဝင် သယံဇာတထုတ်လုပ်မှုများကြောင့် သယံဇာတအရင်းအမြစ်များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးနေရကြောင်း တွေ့ရှိခဲ့ရပါသည်။ အတိုင်းမသိ ယိုယွင်းပျက်စီး ဆုတ်ယုတ်နေသည့် သစ်တောဂေဟစနစ်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဒဏ်တို့ကို ပြည်သူများ သိသိသာသာ ခံစားနေကြရခြင်းကိုလည်း လေ့လာတွေ့ရှိခဲ့ပါသည်။

၅။ ထို့အတူ စစ်ကောင်စီ၏ စစ်ဘေးဒဏ်ကို အများဆုံးခံစားနေရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောပြုန်းတီးမှု အခြေအနေများကို ပြုစုထုတ်ပြန်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်သာမက တစ်နိုင်ငံလုံး အတိုင်းအတာအထိ ကာဗွန်ထုတ်လွှတ်မှုအခြေအနေများကို 2006 IPCC Guideline များအပေါ် အခြေခံတွက်ချက်ပြီး အမျိုးသားညီညွတ်ရေးအစိုးရမှ တင်ပြခဲ့သော "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions – NDC)" ကို အကောင်အထည်ဖော်နိုင်ရန်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုအချိန်တွင် ပြည်သူများသည် စစ်အာဏာရှင်များ၏ ရက်စက်ကြမ်းကြုတ်သည့် ဥပဒေမဲ့လုပ်ဆောင်မှုဒဏ်ကို ဆိုးဆိုးဝါးဝါး တွေ့ကြုံခံစားနေကြရသော်လည်း နယ်မြေစိုးမိုးမှု ရရှိထားသည့် ဒေသများတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကူညီပံ့ပိုးမှုများနှင့်အတူ ဒေသ၏ ပြန်လည်

ထူထောင်ရေး လုပ်ငန်းများကိုသာမက၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အားတက်သရော ကြိုးစားပူးပေါင်း ပါဝင်လုပ်ဆောင်လျက်ရှိကြပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရမှ နယ်မြေစိုးမိုးမှုရရှိထားသော ဒေသများနှင့် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများမှ နယ်မြေစိုးမိုးမှုရရှိထားသော ဒေသများတွင် အပင်နှင့် သစ်တောများကို ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ အသိပညာပေးဟောပြောမှုများ၊ လစဉ်ဆွေးနွေးပွဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အထိမ်းအမှတ်ပွဲများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၇။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ အများစုသည် တိုင်းရင်းသားတော်လှန်ရေး အင်အားစု နယ်မြေများတွင် ရှိသည်ဖြစ်၍ NDC ပါ လုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၏ အခန်းကဏ္ဍသည်လည်း အလွန်ပင် အရေးကြီးပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် သစ်တောများ အပါအဝင် သဘာဝသယံဇာတများ စနစ်တကျထုတ်ယူအသုံးပြုရေးနှင့် ဒေသခံများ ပူးပေါင်းပါဝင်သည့် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်းညှိနှိုင်း လုပ်ဆောင်လျက်ရှိပါသည်။

၈။ ကျွန်ုပ်တို့အမျိုးသားညီညွတ်ရေးအစိုးရအနေနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်မည့် ကတိကဝတ်များကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်နေချိန်တွင် စစ်အာဏာရှင်ကမူ ပြည်သူများကို အကြမ်းဖက်သတ်ဖြတ်ရန်အတွက် သစ်နှင့် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲကာ အခြားတရားမဝင်လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေဆဲဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်သာမက ကိုဗစ် - ၁၉ ကပ်ရောဂါ၏ နှိပ်စက်မှုနှင့် စစ်အာဏာသိမ်းမှုကြောင့် တိုင်းပြည်အခြေအနေသည် ပိုမိုဆိုးဝါးကြပ်တည်းလာပြီး ရာသီဥတုဆိုင်ရာပြဿနာများစွာနှင့်အတူ ယခုအခါ စီးပွားရေးဆုတ်ကပ်ဆိုက်ကာ ပြည်သူသန်းပေါင်းများစွာသည် ဆင်းရဲတွင်းထဲသို့ တွန်းချခံနေရသည့်အပြင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း မအောင်မြင်ဘဲ ကျဆုံးလျက်ရှိနေပါသည်။

၉။ ထို့ကြောင့် ချမှတ်ထားသည့် ရာသီဥတုဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ခုတည်းသောအဖြေမှာ ပြည်သူများက အပ်နှင်းထားသည့် အခွင့်အာဏာရရှိထားပြီး ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရသာ ဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာနှင့် ငွေကြေးအထောက်အပံ့အပါအဝင် နည်းလမ်းပေါင်းစုံသုံးပြီး အမျိုးသားညီညွတ်ရေးအစိုးရအား အသိအမှတ်ပြု ထောက်ပံ့ပေးခြင်းကသာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်

ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာပြည်သူလူထု၏ အခွင့်အရေးအား မြှင့်တင်ပေးနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မူဘောင်ကွန်ဗင်းရှင်းပါ မြေကမ္ဘာနှင့် လူသားကောင်းကျိုး ဆောင်ရွက်မည့် အခြေခံတန်ဖိုးများနှင့်အညီ ချမှတ်ခဲ့သော ပါရီသဘောတူညီချက်၏ ရည်မှန်းချက် ပြည့်မီရန်အတွက် ဖြည့်ဆည်းပေးရာလည်း ရောက်မည်ဖြစ်ပါသည်။

၁၀။ နိုင်ငံချုပ်အနေဖြင့် ယခုအချိန်က ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ကျွန်ုပ်တို့နှင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ရန် အချိန်ကောင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်သည့် အားထုတ်မှုတစ်ခုချင်းစီတိုင်းအတွက် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း အဖွဲ့ဝင်နိုင်ငံများအားလုံးကို မြန်မာနိုင်ငံကိုယ်စား အမျိုးသားညီညွတ်ရေးအစိုးရမှ လေးစားစွာ အသိပေး ပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ လူသားများနှင့် ကမ္ဘာမြေ၏ အကျိုးစီးပွားအတွက် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မြန်မာပြည်သူများအား ဦးဆောင်ကာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ အသိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

(ဒုဝါလရှီးလ)
ယာယီသမ္မတ
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ